**ရွေးကောက်ပွဲကာလ တိုင်းရင်းသားမီဒီယာများ၏ လွတ်လပ်ခွင့် ချိုးဖောက်ခံရမှုအပေါ်**

**နိုင်ငံတကာမြန်မာ့သတင်း (BNI) ၏ သဘောထားထုတ်ပြန်ချက်**

**ရက်စွဲ။ ၂၉ ရက် အောက်တိုဘာလ ၂၀၂၀**

၂၀၂၀ ရွေးကောက်ပွဲ နီးကပ်လာသော်လည်း မြန်မာနိုင်ငံ၏ မီဒီယာလွတ်လပ်ခွင့်နှင့် ပတ်သက်၍ တိုးတက်မှုများအစား ဆုတ်ယုတ်မှုများကို မြင်တွေ့နေရပါသည်။ ရွေးကောက်ပွဲကာလတွင် တစ်နိုင်ငံလုံးမှ ပြည်သူအားလုံးအနေဖြင့် တန်းတူမျှတသော သတင်းအချက်အလက်များကို ရရှိသင့်သော်လည်း ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ အင်တာနက်ဖြတ်တောက်ခံထားရသည့် ဒေသတွင် နေထိုင်သည့် ပြည်သူများမှာ အခြား တိုင်းရင်းသားပြည်သူများ နည်းတူ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ခြင်း မရှိဖြစ်နေပါသည်။

အင်တာနက်ဖြတ်တောက်မှုအပြင် ယခုနှစ်အတွင်း မီဒီယာလွတ်လပ်ခွင့်နှင့် ပတ်သက်၍ အချို့သော လွတ်လပ်သည့် တိုင်းရင်းသားမီဒီယာအဖွဲ့များ၏ ဝက်ဘ်ဆိုဒ်စာမျက်နှာများကို ပိတ်ပင်တားမြစ်ခဲ့သည်။

- လွတ်လပ်သည့် တိုင်းရင်းသားမီဒီယာအဖွဲ့များဖြစ်သည့် Development Media Group၊ နရဉ္ဇရာသတင်းဌာန (Narinjara News) ၊ Karen News တို့အပြင် Voice of Myanmar သတင်းဌာနတို့အပါအဝင် ဝက်ဘ်ဆိုဒ်စာမျက်နှာပေါင်း ၂၁၄၇ ခုကို ပိတ်ပင်ရန် ဆက်သွယ်ရေးလုပ်ငန်း အော်ပရေတာများကို ၂၀၂၀ပြည့်နှစ် မတ်လ ၁၉ ရက်နေ့မှ မေလ ၁၁ ရက်နေ့အတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၇၇ အရ တားမြစ်ခဲ့သည်[1]။

ယခုကဲ့သို့ ရွေးကောက်ပွဲကာလတွင် တိုင်းရင်းသားနယ်မြေများ၌ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ဖော်ဆောင်နိုင်ရန်အတွက် တိုင်းရင်းသားမီဒီယာအဖွဲ့များ၏ လွတ်လပ်စွာသတင်းရယူနိုင်ခွင့်၊ သတင်းထုတ်ပြန်နိုင်ခွင့်များမှာ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

[1] https://www.telenor.com.mm/en/article/blocking-websites-myanmar-updated-9-september-2020

လွတ်လပ်သော တိုင်းရင်းသားမီဒီယာများ၏ လွတ်လပ်ခွင့် ချိုးဖောက်မှု အခြားတစ်ခုမှာ အယ်ဒီတာများအား စွဲချက်တင်ထားခြင်းဖြစ်သည်။

- ၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် BNI အဖွဲ့ဝင် Development Media Group ၏ အယ်ဒီတာချုပ် ကိုအောင်မင်းဦးနှင့် အခြားတာဝန်ရှိသူများကို စစ်တွေမြို့ အထူးသတင်းတပ်ဖွဲ့ (SB) က မတရားအသင်း ဆက်သွယ်မှုဥပဒေပုဒ်မ (၁၇/၂)[2] ဖြင့် စွဲချက်တင်ထားခြင်း။
- ယခုနှစ် ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် BNI ၏ အခြားအဖွဲ့ဝင်ဖြစ်သည့် ရခိုင်ပြည်နယ်အခြေစိုက် နိရဥ္စရာသတင်းဌာန၏ အယ်ဒီတာချုပ် ဦးခိုင်မြတ်ကျော်ကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့် တရားစွဲဆိုခြင်းတို့မှာ ထင်ရှားသည့် သာဓကများ ဖြစ်ပါသည်။

လက်နက်ကိုင်ပဋိပက္ခကြောင့် တည်ငြိမ်အေးချမ်းမှုမရှိသည့် ပြည်နယ်ဒေသများတွင် တိုင်းရင်းသားမီဒီယာများက ခိုင်မာတိကျ သည့် သတင်းများကို တိုင်းရင်းသားပြည်သူများထံ ကြိုးပမ်းထုတ်ပြန်ပေးလျက်ရှိရာ သတင်းထောက်များနှင့် သတင်းအယ်ဒီတာ များ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးမှာ အလွန်အရေးကြီးပါသည်။

တိုင်းရင်းသားမီဒီယာအဖွဲ့များ၏ ဝက်ဘ်ဆိုဒ်သတင်းစာမျက်နှာများကို တရားဝင်အကြောင်းပြချက် ခိုင်ခိုင်မာမာမရှိဘဲ ပိတ်ပင် ထားခြင်း၊ တိုင်းရင်းသား မီဒီယာအဖွဲ့အစည်းများ၏ သတင်းသမားများကို အမှုဖွင့်၊ တရားစွဲဆိုခြင်းတို့မှာ လက်ရှိအစိုးရ၏ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲ ကတိကဝတ်တစ်ခုဖြစ်သည့် "ပြည်သူများ၏ နားနှင့်မျက်စိဖြစ်သော သတင်းမီဒီယာများသည် မိမိတို့စောင့် ထိန်းအပ်သော ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာများနှင့်အညီလွတ်လပ်စွာ ရပ်တည်ပိုင်ခွင့်နှင့် သတင်းရယူဖော်ပြခွင့်အား ဖော်ဆောင် ပေးမည်"[3] ဆိုသည်ကို ဆန့်ကျင်နေပါသည်။

ထို့ကြောင့် BNI မှ အောက်ပါအချက်များကို ရွေးကောက်ပွဲမတိုင်မီ ချက်ချင်းဆောင်ရွက်ပေးရန် NLD ဦးဆောင်သော အစိုးရအား တောင်းဆိုလိုက်ပါသည်။

- အင်တာနက်ဖြတ်တောက်ခံထားရသော ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ မြို့နယ်များတွင် လျင်မြန်အားကောင်းသော အင်တာ နက်ဆက်သွယ်မှုကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လည်ဖွင့်ပေးရန်

[2] https://reliefweb.int/report/myanmar/myanmar-end-harassment-rakhine-media-outlets
[3] https://www.burmalibrary.org/docs21/NLD_2015_Election_Manifesto-en.pdf

205/206,6c,Damayone street,
Royal Zawtika Condo,
Thingangyun Township.
www.bnionline.net
Email: ygnoffice@bnionline.net
Phone: +95(0)9 4500 44627

- မတရားအသင်း ဆက်သွယ်မှုဥပဒေပုဒ်မ (၁၇/၂) နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေတို့ဖြင့် အမှုဖွင့်၊ တရားစွဲဆို ခံထားရသော BNI အဖွဲ့ဝင်အဖွဲ့အစည်းများမှ အယ်ဒီတာချုပ်များအား ၎င်းတို့ရင်ဆိုင်နေရသည့် အမှုများမှ အမြန်ဆုံး ရုပ်သိမ်းပယ် ဖျက်ပေးရန်
- အစိုးရ၊ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများနှင့် ပြောရေးဆိုခွင့်ရှိသူ ပုဂ္ဂိုလ်များအနေဖြင့် သတင်းဌာနကြီးများ၏ မေးမြန်းမှုများကို ဖြေဆိုပေးသကဲ့သို့ ဒေသအခြေစိုက် တိုင်းရင်းသားသတင်းဌာနများ၏ ဆက်သွယ်မေးမြန်းမှုများကိုလည်း ခွဲခြားဆက်ဆံမှု မရှိ ပြန်လည်ဖြေကြားပေးရန်

ဆက်သွယ်ရန်

နန်းဖော့ဂေ - မှူဝါဒရေးရာ ဥက္ကဌ
ခိုင်မြတ်ကျော် - မှူဝါဒရေးရာကော်မတီ အဖွဲ့ဝင်

205/206,6c,Damayone street,
Royal Zawtika Condo,
Thingangyun Township.
www.bnionline.net
Email: ygnoffice@bnionline.net
Phone: +95(0)9 4500 44627